www.burmeseclassic.com

# ချစ်သူတာအုပ် ◆ မောင်ရှိန်ပိုင်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com
ချစ်သူစာအုပ်ဖြစ်ပါသည်

တပည့်တော် ၂ ယောက်၏ မေမာတာ အနုပညာ စာပေမှ ဖြန့်သည်။

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာဖုံးခွင့်ပြု (၂၀၂၁)
စာမူခွင့်ပြု (၂၂၀၈)

မောင်ဒီ

မျက်နှာဖုံးပန်းချီ

ဒေါ်ခင်လှ (မြဲ-၀၁၅၇၈)
စာပေလောက ပုံနှိပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း
ရန်ကုန်မြို့က ပုံနှိပ်၏။

ဘလောက်
သောင်းလှ

ရောင်းဈေး
၁၀ ကျပ်

အဖုံး
ခင်စန္ဒာ

ဦးအောင်ကြီး (၀၉၈၆)
အညတြနဲ့ လူသားစာပေ
၅ တင့်ဆန်းလမ်း၊ ဂွတ္တလစ်
ရန်ကုန်မြို့ကထုတ်ဝေ၏။

အုပ်ရေ (၁၀၀၀) ပထမရိုက်

၁၉၇၉-ဖေဖော်ဝါရီမှာထွက်။

www.burmeseclassic.com

www.burmeseclassic.com

ချစ်သူစာအုပ်
ချစ်သူစာအုပ်
ချစ်သူစာအုပ်

မောင်ရန်ပိုင်
မောင်ရန်ပိုင်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မောင်ရန်ပိုင်
မောင်ရန်ပိုင်
မောင်ရန်ပိုင်

**ချစ်သူစာအုပ်**

မောင်ရန်ပိုင်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ချစ်သူစာအုပ်ကိုမောင်ရန်ပိုင်ရေးသားပြုစုသည်
ချစ်သူစာအုပ်ကိုမောင်ရန်ပိုင်ရေးသားပြုစုသည်
ချစ်သူစာအုပ်ကိုမောင်ရန်ပိုင်ရေးသားပြုစုသည်
ချစ်သူစာအုပ်ကိုမောင်ရန်ပိုင်ရေးသားပြုစုသည်
ချစ်သူစာအုပ်ကိုမောင်ရန်ပိုင်ရေးသားပြုစုသည်

www.burmeseclassic.com

www.burmeseclassic.com

ချစ်သူစာအုပ်
ချစ်သူစာအုပ်
ချစ်သူစာအုပ်
ချစ်သူစာအုပ်
ချစ်သူစာအုပ်
ချစ်သူစာအုပ်
ချစ်သူစာအုပ်
ချစ်သူစာအုပ်
ချစ်သူစာအုပ်
ချစ်သူစာအုပ်
ချစ်သူစာအုပ်
ချစ်သူစာအုပ်
ချစ်သူစာအုပ်
ချစ်သူစာအုပ်
ချစ်သူစာအုပ်
ချစ်သူစာအုပ်
ချစ်သူစာအုပ်
ချစ်သူစာအုပ်
ချစ်သူစာအုပ်
ချစ်သူစာအုပ်



www.burmeseclassic.com

www.burmeseclassic.com

သို့ . . . . . ရှင်တော်မြတ်ဘုရား

နေ့စွဲ . . . ၂၇ . . . ဂျူလိုင်-၁၉၇၈

[သို့မဟုတ်]

ဇာတ် အဖွင့်

တပည့်တော် မောင်ရန်ပိုင်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

၁

ပါးတစ်ဖက်ဆီ
ရေတွင်းတိမ်တိမ်လေး
တစ်တွင်းစီနဲ့
ပါးချိုင့်လေးနဲ့
တက္ကသိုလ်ကျောင်းသူတစ်ဦး
ကျွန်တော့်နှလုံးအိမ်ရဲ့ အစောင့်အရှောက်
တစ်ခုသော နှစ်ဦးပိုင်းထိ
လူ့ဘဝထဲ
အသက်ရှင်နေထိုင်သွားခဲ့တယ်

၂

မှတ်မှတ်ရရ
လူငယ်ဒါရိုက်တာ မောင်ဝဏ္ဏရဲ့
'ပန်းတွေနဲ့ဝေ' ရိုက်စတင်တဲ့နေ့
ကျွန်တော့်အတွက်
အမြတ်နိုးဆုံး ပန်းတစ်ပွင့်
တွေ့ရတယ်၊

www.burmeseclassic.com

www.burmeseclassic.com

၃

သစ်ရွက်တွေသာ
ကြွေတတ်တာမဟုတ်
လူတွေလဲ ကြွေတတ်သတဲ့

၄

ကျွန်တော်တစ်ဦးထဲပိုင် ဇာတ်ရုံတော်မှာ
အလွမ်းဆုံး အလွမ်းပြဇာတ်တစ်ပုဒ်ကို
ကချင်ချင် မကချင်ချင်
တစ်သက်လုံး ကပြရတော့မယ်

၅

တံငါသည်တစ်ယောက်
ငါးစောင့်ဖမ်းသလို
ခပ်ဟောင်းဟောင်း လက်ဖက်ရည်တစ်ဆိုင်ရဲ့
ထောင့်ကျကျ စားပွဲအိုတစ်လုံးမှာ
အနုပညာစိတ်ကူး
စောင့်ဖမ်းနေတဲ့ ကျွန်တော့်ဆီကို
"မနေ့ည ၁၁-နာရီခွဲ
ရန်ကုန်ဆေးရုံကြီးမှာ
မေအေးဆုံးသွားပြီ"

၆

"ပန်းတွေနဲ့ဝေ"ကို မကြည့်ရဲဘူး
သင်္ချိုင်းရကို စိတ်နာမိတယ်
နား ၂ ဖက်ကို တအားပိတ်ပြီး
တစ်ခုခုကို တအားအော်ပစ်လိုက်ရင် ကောင်းမလား
သီချင်းဆိုကြည့်ချင်တယ်
"နေရစ်တော့ကွယ် . . . သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com

၉

လက်ဖက်ရည်ဆိုင်ထဲမှာ
အရူးတစ်ယောက်လို
အော်ဟစ်ခုန်ပေါက်နေမိသည်
တံငါသည်
အနုပညာစိတ်ကူးကို
မဖမ်းနိုင်တော့
တံငါသည်
ခလုတ်တိုက်အလဲမှာ
အသည်း ဟက်တက်ကွဲ၏
ဆိုင်ရှေ့က
"အကြွေလေးများပါရင်
သနားပါ"ဆိုတဲ့ သူတောင်းစား
အကြွေများများ ရလို့လား မသိ
မျက်နှာမှာ
အပြုံးတစ်ခါ ဝေသွားတယ်
ကမ္ဘာကျော် တယောဝိဇ္ဇာ
အနုပညာရှင်ကြီး ရဟူဒီမနူဟင်တစ်ယောက်
အချစ်ဆုံး ချစ်ဇနီး
သေတော့
တယောမထိုး အနုပညာ မဖန်ဆင်းဘဲ
နှစ်နဲ့ချီ ဥပုသ်စောင့်သတဲ့
ကျွန်တော် ဘာလုပ်ရမလဲ
လက်ဖက်ရည်ဆိုင် နံရံကြီးကို
ခေါင်းနဲ့ ပြေးဆောင့်လိုက်ရင်
ကောင်းမလား



www.burmeseclassic.com

www.burmeseclassic.com

၈

တမလွန်က
တက္ကသိုလ်ကျောင်းသူအတွက်
မသေဆေး အရှာထွက်ခဲ့သော
ကျွန်တော်လေ
ထပ်ဆင့်သေဆုံးမှု
သူမမှာ မရှိရဘူး
ခြေ တစ်လှမ်းမှာ
မိန်းကလေးပါးပေါ်က
ရေတွင်းတိမ်တိမ်လေးကို
သတိရမိတယ်
တွင်းရေချိုချိုကို
ဝလင်အောင် မသောက်ရသေးခင်မှာ. . .



www.burmeseclassic.com

www.burmeseclassic.com

၉

သူမနဲ့ ဘဝချင်း ခြားခဲ့မှ
ကျွန်တော်လဲ
လမ်းလျှောက်သမားကြီးတစ်ယောက်
ဖြစ်လာတော့တယ်
ဘယ်သွားမလို့လဲ မေးတော့
မသေဆေး အရှာထွက်တာပါလို့
ဖြေမိတယ်
ဘယ်သူ့အတွက်လဲ
မေးတော့
တမလွန်က သူမအတွက်ပါ
ဖြေတော့
အားလုံးက ဝိုင်းရယ်ကြတော့
ခြေလှမ်းကို ပိုသွက်ပစ်ရတယ်

၁၀

ပတ်ဝန်းကျင်ရဲ့
အကဲ့ရဲ့ အရှုတ်ချတွေကြားမှာ
ကျွန်တော့်အချစ်နဲ့
အလွမ်းများ
ပိုလို့ အရှိန်ကောင်းခဲ့တယ်
ခြေသလုံးကြွက်သားတွေ
ပိုမာလာပြီ
ခြေလှမ်းသွက်တော့
ခရီးပိုတွင်တယ်



www.burmeseclassic.com

www.burmeseclassic.com

၁၁

မိုးကုပ်စက်ဝိုင်းအောက်မှာ
လူငယ်လေး တစ်ယောက်
စက်ဘီးနင်းလာတာကို
ရေးဆွဲထားတဲ့
"အမေရိကန်လူငယ်"ဆိုသော
ပန်းချီကား တစ်ချပ်ကို
ကြည့်ခဲ့ဖူးတယ်
စက်ဘီးလေး တစ်စီးပေါ်
မိသားစု တစ်စုလုံး တင်ပြီး
မောလောက်အောင်
လျှောက်နင်းမယ်ဆိုတဲ့ သီချင်းတစ်ပုဒ်
ခံစားဖူးတယ်
"ဂျော်နီလမ်းလျှောက်သမားဆိုတဲ့
နိုင်ငံခြားအရက်တစ်မျိုးကို
မူးရိုင်းသွားအောင်
သောက်ပစ်ဖူးတယ်
ခြေလှမ်းတွေသွက်
ခရီးတွေများလာတော့
တက္ကသိုလ်ကျောင်းသူရဲ့ လမ်းလျှောက်သမား
မမောပါဘူး

www.burmeseclassic.com

www.burmeseclassic.com

၁၂

အစ်ကိုတို့ အစ်မတို့ရယ်
ကျောပိုးအိတ် တစ်လုံး
ခေါင်းငိုက်စိုက်နဲ့
ခရီးသည်ကို
အထင်တော် မလွဲလိုက်ကြပါနဲ့

၁၃

သူ့အိတ်ထဲမှာ
တက္ကသိုလ်ကျောင်းသူတစ်ဦး ဓာတ်ပုံ
မီးငြိမ်းသတ်
စီးကရက်တိုအပြင်
တခြားမရှိ
မာန မရှိ
အတ္တ မရှိ
မနာလိုတိုရှည်စိတ်များ မရှိ

www.burmeseclassic.com

www.burmeseclassic.com

၁၄

ခြေထောက်သန်သူ
နှလုံးသားသန်သတဲ့
ခေတ်ပေါ်ဆေးပညာက
ဆိုမိန့်တယ်
လွမ်းတတ်လွန်းသူ
ချစ်တတ်လွန်းသူ
စကားများသတဲ့
ဘယ်သူ့အဆိုအမိန့်လဲ မသိ
ကျွန်တော် မေအေးကို သိပ်ချစ်တယ်
တက္ကသိုလ်ကျောင်းသူ
ငရဲမှာသစ်ငုတ်တိုဖြစ်လဲ
သစ်ငုတ်တိုလေး ကျုပ်ချစ်မိတယ်

၁၅

လူ့ဘဝဆိုတာ
အဲ့လောက်ကို မမြဲဘူး
အပ်ချည်ကြိုးလေး တစ်ချောင်းနဲ့
ချည်ထားသလိုပဲ
ကံကြမ္မာက
လက်သန်းနဲ့ တစ်ခါတောက်ရင်
ထောက်ခနဲ ပြတ်သွားတတ်တယ်
မပြတ်သေးခင်
အပ်ချည်ကြိုးမှာ
သီထားတဲ့ပန်း ၂ ပွင့်
ဘယ်တော့မျှမှ
ရန်မဖြစ်ကြနဲ့ကွယ်. . .



www.burmeseclassic.com

www.burmeseclassic.com

၁၆

တစ်ခါက
အင်းယား “ဟော”ရှေ့
ကံ့ကော်ပင်များအောက်
ဒို့ ၂ ယောက်
ရန်ဖြစ်ဖူးသေးရဲ့
ဒဂုန်တာရာနဲ့ ကြည်အေး
ဝတ္ထုတိုအရေးမှာ
ဘယ်သူတော်သလဲ
ငြင်းကြရင်း
အယူတော်လွဲလို့
စိတ်ကောက်ကြပေ့ါ
မောင့်ချစ်သူ ကျောင်းသူက
ကျောခိုင်းလို့ ခြေဆောင့်နင်းပြီး
သူမကို ထပ်မပြောရဲတိုင်း
မိမိကိုယ်မိမိ ဒုက္ခပေးလို့
ဝတ်လာတဲ့
ခါးတို ကုတ်အင်္ကျီလေး
ရစရာမရှိအောင်
ဆုပ်ဖြဲမိသေးတယ်

www.burmeseclassic.com

www.burmeseclassic.com

၁၇

နောက်တစ်နေ့မှာ
စိတ်ကောက်ကောက်
စိတ်ပေါက်ပေါက်နဲ့
ကုတ်အင်္ကျီအစုတ်ကို
ပါဆယ်ထုပ်လို့
အင်းယားဟော
သူမ အခန်း အရောက်
လူကြုံတော်နဲ့
ဆက်သမိပြန်တယ်

www.burmeseclassic.com

www.burmeseclassic.com

၁၈

ချည်ထားတာလေး ပြတ်သွားချိန်
သူမ သေဆုံးချိန်
သူမနဲ့ကျွန်တော်
စိတ်ကောက် အမူလွန်နေချိန်ပေါ့
တစ်သက်လုံး
ဆပ်လို့မပြေနိုင်တဲ့ကြွေး
သွားလေသူကို
နှုတ်ဆက်စကားလေး
မပြောလိုက်ရခဲ့
ဘဝကူး ကောင်းအောင်
ဓမ္မတေးကို
ဖြည်းဖြည်းညင်ညင် ရွတ်ဖတ်သူ
ကျွန်တော်မဟုတ်
အလောင်းထားရာ
ရေခဲတိုက်တံခါး
အစောင့်ကို ဖွင့်ခိုင်းပြီး
ဝင်ကြည့်မိပြန်တယ်



www.burmeseclassic.com

www.burmeseclassic.com

၁၉

“မထွက်ဘူး၊ မထွက်ဘူး”
“အကြွေး ဆပ်ရမယ်”
အစောင့်က ကျွန်တော့်ကိုတောင်းပန်တယ်
“မထွက်ဘူးဗျာ ထွက်ကိုမထွက်ဘူး”
ရင်ထဲမှာပူလွန်းလို့
အသဲနှလုံးတွေ အခိုးဖြစ်နေတဲ့လူ
အအေးခာတ်ပေးထားတဲ့ အခန်းထဲ
အအေးကဲလို့
သူမဘေး လဲကျသေဆုံးရင်း
ကြွေးဆပ်မယ်
လက်ဖျားတွေ ခြေဖျားတွေ
အေးလာတယ်
နားရွက်နှစ်ဖက်စလုံး
ထုံကျင်နေပြီ

အသဲနှလုံးနေရာမှာ
အအေးဆုံး အပူဆုံး
သွေးကြောထဲက သွေးတွေ
အေးပြီး ခဲကုန်လိမ့်မယ်
ခေါင်းထဲမှာ မူးရိပ်မူးရိပ်
ခုန်လွန်းနေတဲ့နှလုံး
ရင်ဘတ်ကို ဖောက်ထွက်သွားမလား
အောက်မေ့ရတယ်
“အစောင့်ကြီးရယ်တံခါးပြန်ပိတ်ပြီး
ကျွန်တော့်ကို ထားခဲ့ပါဗျာ”
ကျွန်တော် ဘာပြောမိတယ်မသိ
အေးရေ. . . လိုက်ခဲ့မယ်နော်. . . .



www.burmeseclassic.com

www.burmeseclassic.com

၂၀

အစောင့်သုံးယောက်

ကျွန်တော့်ကို ဝိုင်းချုပ်လိုက်သလိုလို

၂၁

ကျွန်တော့်သူမ အပါအဝင်

အခန်းထဲက

အလောင်းအားလုံး

မတ်တပ်ထရပ်သလိုလို

ကုတ်အင်္ကျီလေး တစ်ထည်ကို

ကျွန်တော် ဆုတ်ဖြဲပစ်ခဲ့မိပါတယ် အေးရယ်. . .

၂၂

တော်ပါသေးရဲ့

အဖန်ငါးရာ ငါးကမ္ဘာ

ပါဏာတိပါတာ တစ်မျိုးကို

ကျူးလွန်မိတော့မလို့

www.burmeseclassic.com

www.burmeseclassic.com

၂၃

လျှာနဲ့သွား
မတော်တဆ
ကိုက်မိမယ်ဆိုရင်လဲ
အကိုက်ခံရတဲ့ လျှာလေးကို
၂ ဦးသား ဝိုင်းဝန်းကြင်နာ
ကုသပါ
လူတည်သရွေ့
တည်မဲ့ဥပဒေသ
ချစ်သူချင်းတွေ
ဘယ်တော့မှ ရန်မဖြစ်ကြနဲ့ကွယ်
နောင်ဘဝမှာများ
ဒို့ ၂ ယောက် ပြန်ဆုံကြမယ်ဆို
နိဗ္ဗာန်မှာ ဖြစ်ဖြစ်
ငရဲမှာ ဖြစ်ဖြစ်
အသူရကာယ်ဘုံဆိုလဲ
ရန်မဖြစ်ကြဘူးနော်
ခါးတိုကုတ်အင်္ကျီလေးတစ်ထည်
ဘယ်တော့မှ
မဆုတ်ဖြဲဘူးနော်



www.burmeseclassic.com

www.burmeseclassic.com

၂၄

ကဲ ကဲ လာကြ. . .
လိုက်ဆိုကြနော်. . .
ရှင်တော်မြတ်ဘုရား. . .
ရှင်တော်မြတ်ဘုရား. . .
တပည့်တော်တို့သည်. . .
တပည့်တော်တို့သည်. . .
ချစ်သူစာအုပ်ကို
ဖတ်ပြီးသောအချိန်မှစ၍
ချစ်သူချင်း
ဘယ်တော့မှ ရန်မဖြစ်တော့ပါ
ရိုသေမြတ်နိုး
လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏
ရှင်တော်မြတ်ဘုရား. . .
အဲ့လိုသီလတရား
မတည်ဆောက်နိုင်ကြဘူးလား. . .
ချစ်သူချင်းတွေ
စိမ်းစိုသော ရင်ခုန်သံသီလတရားနဲ့
စိမ့်ယိုနေရင် မကောင်းလား



www.burmeseclassic.com

www.burmeseclassic.com

## ဒါရိုက်တာနှင့်မင်းသမီး

www.burmeseclassic.com

www.burmeseclassic.com

၁

တမလွန်က ချစ်သူ
တက္ကသိုလ်ကျောင်းသူ
တမလွန်မရောက်သေးခင်က
သတင်းမကြီးတဲ့
မင်းသမီးဖြစ်ခဲ့ဖူးသေးတာပေါ့

၂

သူမလေ
ရုပ်ရှင်တစ်ကား
မရိုက်ဖူးခဲ့
မူဘီကင်မရာရှေ့
တစ်ခါ မရပ်ဘူးခဲ့
အကယ်ဒမီဆု
မရဖူးခဲ့
ကျော်ဟိန်းနဲ့
တစ်ခါ မတွဲဖူးခဲ့
နိုင်ငံတကာရုပ်ရှင်ပွဲတော်
မတက်ရောက်ဖူးခဲ့
ဒါပေမဲ့ ကျွန်တော့်မင်းသမီးက
ရေမရောတဲ့ မင်းသမီး



www.burmeseclassic.com

www.burmeseclassic.com

၇

သမိုင်းဘက်
တက္ကသိုလ်အဆောင်နယ်မြေရဲ့
တစ်ခုသော နံနက်ခင်း
အဆောင်တစ်ဆောင်မှာ ကျင်းပတဲ့
ဖရက်ရှာကြိုဆိုပွဲမှာ ဆိုပါတော့
ဘယ်အဆောင်
ဘယ်သက္ကရာဇ် ဘာဘာညာညာ
အတိအကျ မပြောလိုပါ
ကျွန်တော်မျိုးရဲ့ ချစ်သူစာအုပ်
တစ်ဦးတစ်ယောက်အတွက်
အနှောင့်အရှက်ဖြစ်ဖို့ မဟုတ်ပါ
ကမ္ဘာပေါ်က ချစ်သူတွေ
ပြည်ထောင်စုဖွား တိုင်းရင်းသားချစ်သူတွေ
ရှမ်းချစ်သူတွေ
ကယားချစ်သူတွေ
ဆိုပါတော့ ဆိုပါတော့
လက်ခုပ်လက်ဝါးတီးလို့
မပျော်နိုင်တောင်
အလွမ်းအရသာ တစ်မျိုး
အမှိုင်းအရသာ တစ်မျိုး
ခံစားကြည်နူးနိုင်ဖို့
ချစ်သူစာအုပ်က ရည်ရွယ်လေရဲ့
ကဲ-ဒီတော့ အတိအကျမဆို
အရိပ်လောက်ကို
ဝေ့ဝဲလို့ ဆိုမယ်နော်



www.burmeseclassic.com

www.burmeseclassic.com

၄

နံနက်ခင်းနုနု
နေရောင်နုနုနဲ့
တစ်လောကလုံး
အစိမ်းနုရောင်လေး
ဆင်ထားသလား
ထင်နေရချိန်
တကယ့် ပန်းချီဆရာစစ်စစ်တယောက်
ပန်းချီကားတစ်ချပ်
လက်စသတ် ရေးဆွဲပြီးချိန်
ဖြစ်ထွန်းလာတဲ့
ကြည်နူးစိတ်များနဲ့
လောကဟာ တူနေမလားမသိ
ကျောင်းသူ နုနုပျိုပျိုလေးတွေ
ချီတက်လို့လာပါပြီ

၅

"ပရိသတ်ကြီးခင်ဗျား
"မယ်သစ်ဆင်း"တို့ ကြွလာပါပြီ
ကျွန်တော်တို့ "မောင်သစ်ဆင်း"များကနေ
ဝတ်ထားသောအင်္ကျီများ
ဖြန့်ခင်းလို့ မဟာယောက်ျား သတ္တိအပြည့်နဲ့
ကြိုဆိုတော်မူကြပါ"
ခပ်ပျော်ပျော် ကျောင်းသားတစ်ယောက်ရဲ့
အော်လိုက်တဲ့အသံဟာ
မိုးပေါ်က သိကြားမင်းကိုတောင်
ပြုံးသွားစေနိုင်ရဲ့



www.burmeseclassic.com

www.burmeseclassic.com

၆

လက်ခုပ်သံညံစည်

ဒို့ပျော်ကြသည်လို့

ဆိုရမယ်

အနှောင့်အရှက်သဘော

လုံးဝမရှိ

ကြည်နူးဖွယ် ပျက်လုံးဟာသတွေနဲ့

တုန်ယင်နေတယ်ဆိုရမယ်

၇

မောင်သစ်ဆင်းတို့

အစွမ်းကုန်ပြင်ဆင်လို့

မယ်သစ်ဆင်းတို့ရှေ့မှာ

အယူခံဝင်ရမယ်

၈

အားနာပါးနာပြောရရင်

ဒို့ ၂ ယောက် ချစ်ခြင်းဘယ်ကစ

ဖရက်ရှာကြိုဆိုပွဲကစ

အဲ့လိုအတွဲတွေလဲ

ရှိမှာမဟုတ်လား

၉

မောင်သစ်ဆင်းတို့ကို

အားကျလို့လားမသိ

မိုးပြဲဒယ်ကြီးထဲက

အသားနဲနဲ ထမင်းကြော်နဲ့

ဒန်အိုး ဝ ဝ ဖိုင့်ဖိုင့်ကြီးထဲက

ကော်ဖီအေးအေးတွေက

ရင်တခုန်ခုန် ဖြစ်နေပြီ



www.burmeseclassic.com

www.burmeseclassic.com

၁၀

တစ်နေရာမှ
မလစ်ဟင်းစေရ
ဖျော်ဖြေတင်ဆက်ရေး
အစီအစဉ်တွေလဲ ရှိသေးတယ်ဆိုပဲ
မျက်မှန်ထူထူနဲ့
ကျွန်တော့်ကိုဖိတ်ကြားခဲ့သူ
သူငယ်ချင်းဟော(လ်) ကျူတာပေါက်စက
သူကျောင်းသားတွေအတွက်
ဂုဏ်ယူလို့
ကျွန်တော့်ကို တစ်ခါပြုံးပြတယ်
နွဲ့ယဉ်ဝင်းမဟုတ်တဲ့
ကျောင်းသူတစ်ဦးက
နွဲ့ယဉ်ဝင်းရဲ့ သီချင်းတစ်ပုဒ်ကို
ဟန်ကျပန်ကျ ဆိုပြလို့ အပြီး
ထူးခြားတဲ့ အစီအစဉ်လေး
လာတော့တယ်
ဩော်-ဒီလိုနဲ့
လူ့ဘဝမှာ
တစ်ခုခုရဲ့အစဟာ
ဖြစ်လာတော့မယ်ထင်ပါရဲ့
မွေးဖွားတော့မယ်
ထင်လို့လားမသိ
မွေးဖွားခြင်းရဲ့အကြို
ခေါင်းလောင်းသံချိုချိုကို ကြားမိသလိုလို



www.burmeseclassic.com

www.burmeseclassic.com

၁၁

တူရိယာပစ္စည်းက
ဖြစ်ထွန်းလာတဲ့ ဂီတသံဆိုလို့
ခပ်ဖြူဖြူ ခပ်နွဲ့နွဲ့
ကျောင်းသား စန္ဒရားဆရာလေး တီးနေတဲ့
စန္ဒရားသံပဲ ရှိတယ်
“ပီယာနိုဆိုလို” ရယ်လို့
ဂီတစကားနဲ့ ဆိုနိုင်မယ်ထင်ရဲ့

၁၂

“နရေတာ”ဆိုတဲ့ ဘေးပြောဆရာက
စင်အောက်ကနေ
ပုံပြင်ဇာတ်ကြောင်းလေးတစ်ခုကို
ပြောပြနေတယ်
စင်ပေါ်မှာတော့. . .
ဟုတ်ကဲ့. . .
စင်ပေါ်မှာ ကြည့်လိုက်ကြစမ်းပါဗျာ

၁၃

စန္ဒရားသံရဲ့ အကူအညီနဲ့
ပုံပြင်ဇာတ်ကြောင်းအတိုင်း
ကျောင်းသူ မင်းသမီးလေးက
သရုပ်ဆောင် ပြနေတယ်
သီချင်းမဆိုဘူး
စကားမပြောဘူး
စကားမဲ့ သရုပ်ဆောင်နေတာပါ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

၁၄
သူမ ဟာ
အနုသုခုမနဲ့
တုန်ယင်နေတယ်
၁၅
စန္ဒရားသံက
သစ်ရွက်ကြွေ အခြောက်ကလေးတွေပေါ်
မိုးပေါက်များ ကျလာတော့
ဖြစ်ထွန်းတဲ့အသံနဲ့ တူနေတယ်
၁၆
ကမ္ဘာကျော် အကအနုပညာရှင်ကြီးများ
ဖြစ်ကြတဲ့
မာသာဂရေဟမ်တို့ ပေါ(လ်)တေလာတို့ရဲ့
အနုပညာတွေနဲ့များ
ဆင်နေမလား
၁၇
ကျွန်တော့် သူမကို
ကျွန်တော်ညွှန်းဆိုလို့
မသင့်တော်ဘူးထင်ပါရဲ့
ကျွန်တော့်သူမက ငါးချဉ်လဲမဟုတ်
ပိုချဉ်တယ်လို့လဲ
ကျွန်တော်မပြော
ချစ်သူစာအုပ်ကို
ရေးထုတ်တဲ့ ကျွန်တော်မျိုး
အချစ်နဲ့အလွမ်းနဲ့ အနုပညာမှာ
လိပ်ပြာသန့်စွာ သစ္စာရှိသူဖြစ်ကြောင်း
ယုံထားကြပါ


www.burmeseclassic.com

www.burmeseclassic.com

၁၈

မရှက်မကြောက်
ရှက်ကြောက်စရာလဲ မလိုဘဲ
ကြုံလို့ပြောအုံးမယ်
တင်ပါးမှာ သွေးစုနာပေါက်တုန်းက
သူငယ်ချင်းတစ်ယောက်က
အနာညှစ်ပေးခိုက်
မျက်လုံးကို စုံမှိတ်လို့
မနာအောင် ဂါထာရွတ်သလို
“အေး”နံမည်ကို ရွတ်ခဲ့ဖူးသေးတယ်
ထားပါတော့
ဇာတ်ကြောင်းလေး ဆက်လိုက်ရအုံးမယ်
ဝါဖျော့ဖျော့ ကန့်လန့်ကာလေး
တအိအိ ကျလာပေမဲ့
စန္ဒယားသံ အေးအေးနဲ့လေး
ငြိမ်းသေသွားခဲ့ပေမဲ့
သူမရဲ့ သရုပ်ဆောင်ချက်များ
ရင်ထဲမှာ ကွယ်ပျောက်မသွားဘူး
နှလုံးသွေးနဲ့ အာရုံကြောတွေ
အနုပညာနဲ့ ပူနွေးနေတုန်းပါ
အခမ်းအနားကျင်းပတဲ့
ရှည်မျောမျော ထမင်းစားဆောင်လေးထဲ
လက်ခုပ်သံတွေ ဝဲပျံ့နေတာ
တော်တော်နဲ့ မနားတော့ဘူး

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

၁၉

အများရဲ့လက်ခုပ်သံ
ရပ်တန့်သွားပေမဲ့
ကျွန်တော့်ရဲ့ လက်ခုပ်သံ
မရပ်တန့်သေး
ရှေ့ကို အများကြီး
ရှည်ထွက်သေးတယ်
ကျလာတဲ့ကန့်လန့်ကာ
အပေါ်ကို ပြန်ပင့်တက်လို့
သူမ ပေါ်လာအုံးမယ်
ထင်နေသလားမသိ
ကျွန်တော့်လည်ပင်း
သူများ လည်ပင်းတွေထက်
၂ ဆလောက်ရှည်ထွက်နေတယ်
ကျောင်းသားအကဲခတ်တတ်တဲ့
မျက်မှန်ထူထူနဲ့ သူငယ်ချင်းကျူတာ
လည်ပင်းအကဲနဲ့ လက်ခုပ်အကဲကို
ခတ်တတ်ဟန်တူပါရဲ့. . .



www.burmeseclassic.com

www.burmeseclassic.com

၂၀
"ဒါ ဆရာ့သူငယ်ချင်း
ရုပ်ရှင်တစ်ကားမှ မရိုက်ဖူးပေမဲ့
ရုပ်ရှင်အနုပညာအကြောင်းကို
တကယ်နားလည်တဲ့
အညတြရုပ်ရှင်ပါမောက္ခ ဆိုပါတော့"

၂၁
"တွေ့ရတာ ဝမ်းသာပါတယ်ဆရာ
အဲ. . အစ်ကို
အေးက ရုပ်ရှင်တစ်ကားမှ မရိုက်ဖူးတဲ့
ရုပ်ရှင်အနုပညာကို ချစ်လို့
မင်းသမီး လုပ်ချင်သူပေါ့
ကျောင်းပြီးရင် ရုပ်ရှင်မင်းသမီး
ဖြစ်အောင် ကြိုးစားမယ်လေ"

၂၂
လောကရဲ့ တစ်နေရာထဲမှာ
တစ်ခုခု ထပ်ရှိလာပါပြီ
ပိုမို ပြည့်စုံလာပါပြီ
စောစောတုန်းက အဲဒီနေရာကလေး
တစ်ပိသာလေးမယ်ဆို
ခုချိန်ကြည့် တစ်ပိသာငါးကျပ်သားပေါ့
စောစောလေးကအထိ
သူမနဲ့ကျွန်တော် အသိအကျွမ်းမဖြစ်သေး
ဘယ်လောက်ဝမ်းနည်းဖို့ကောင်းသလဲ
ခုလေးတင် အသိအကျွမ်းဖြစ်သွားကြပြီ
ဘယ်လောက်မင်္ဂလာရှိသလဲ
မျက်မှန်ထူထူနဲ့ ကျူတာလေးရေ. . .
သက်တော်ရာကျော်ရှည်ပါစေ



www.burmeseclassic.com

www.burmeseclassic.com

၂၃

မမြင်ရပေမယ့်
တချို့အရာတွေ ကျွန်တော်ယုံတယ်
နှလုံးခုန်လို့
ကျွန်တော်အသက်ရှင်နေတယ်
နှလုံးခုန်တာလေး
ကျွန်တော်မမြင်ရ
ဒါပေမဲ့ ကျွန်တော်ယုံတယ်
ဗမာပြည်ရဲ့ တစ်နေရာဆီမှာ
သူမနဲ့ ကျွန်တော်
အသက်ရှင်မမွေးဖွားကြသေးခင်
ဟိုအတိတ်ဘဝတုန်းက
အနည်းဆုံး သုံးခါလောက်တော့
ကံကြုံဖူးခဲ့ကြမယ် ဆုံဖူးကြမယ်
မမြင်ရပေမဲ့ ကျွန်တော်ယုံတယ်
ဘုရားဖက်တော့ အသက်ရှည်တယ်
တရားဖက်တော့ အမြက်ပြေတယ်
သံဃာဖက်တော့ အခက်ဝေတယ်
ကျွန်တော် မြင်ရတယ်
မြင်ရလို့ ကျွန်တော်ယုံတယ်
အတိတ်ဘဝက
ကံဆုံဖူး ကြုံဖူးတာကို
ဇာတ်ကွက်ဆင်လို့
မြင်ယောင် တွေးဆကြည့်ရင်
တစ်မျိုး အရသာရှိမယ်
ကျွန်တော်ယုံတယ်



www.burmeseclassic.com

www.burmeseclassic.com

မုန်တိုင်းတွေ ထန်တဲ့ ညဉ့်တစ်ညဉ့်
မီးအိမ်တစ်လုံး
ခက်ခက်ခဲခဲထွန်းညှိလို့
သူမကို လမ်းပြပေးရတယ်
ကျွန်တော့်အသည်းဟာ
မီးအိမ်ရဲ့ မီးဇာဖြစ်တယ်
သူမအတွက်
အလောင်ကျွမ်းခံရလို့
ကျွန်တော်ဂုဏ်ယူမိလိမ့်မယ်

၂၅

အဆိပ်ခွက်တစ်ခွက်
သူမ သောက်မိမယ်အလုပ်
ကျွန်တော့်နှလုံးသားနဲ့ တိုးတိုက်လို့
အဆိပ်ခွက်ကို
မှောက်ပစ်ပေးဖူးမယ်

၂၆

ဘုရားကုန်းတော်တစ်ခုပေါ်မှာ
ရှင်တော်မြတ်ဘုရားကို
ဝတ်ပြုမယ်အလုပ်
လက်အုပ်ချီထားတဲ့
လက်ဝါး ၂ ဖက်
တစ်ခုသော လက်ဝါး
ကျွန်တော့်လက်ဝါးဖြစ်ပြီး
ကျန်လက်ဝါးက သူမလက်ဝါး
ဖြစ်ဖူးမယ်
ကျွန်တော်ယုံတယ်



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါက ဂျပန်ပြည် ဟီရိုရှီးမားမှာ
အဏုမြူဗုံး ကြဲချခါနီးဆဲဆဲ
ချစ်သူကောင်လေးက
ချစ်ရေးဆိုမယ်အလုပ်
ချစ်သူ ကောင်မလေးက
ခေါင်းညိတ်မယ်အလုပ်
အဏုမြူဗုံး ပေါက်ကွဲလို့
ချစ်ရေး မဆိုလိုက်ရ
ခေါင်း မညိတ်လိုက်ရ
ရင်ဘတ်မှာ ပန်းငုံတစ်ငုံဆီ
ထိုးထားတဲ့ ချစ်သူအလောင်း ၂ လောင်း
ကျွန်တော်နဲ့ သူမ ဖြစ်လိမ့်မယ်



www.burmeseclassic.com

www.burmeseclassic.com

၂၈

အတိတ်ဘဝ

အကြောင်းခံလို့

အငုံကို ပွင့်စေရတယ်

အခန်းဆက် တာဝန်

ထမ်းဆောင်ရတယ်

အေးကို ချစ်ရေးဆိုမိတယ်

အေးက ခေါင်းညိတ်ပြတယ်

ကမ္ဘာကြီးမှာ အဏုမြူစစ်

ထပ်မဖြစ်ပါစေနဲ့



www.burmeseclassic.com

www.burmeseclassic.com

၂၉
သူမနဲ့ ကျွန်တော်
သိကျွမ်းခင်မင်ပြီးလို့
"၇၆"ရက် ပြည့်တဲ့နေ့မှာ
ဇီဝိတဒါနအတွက်
သွေးလှူသလို
တစ်ယောက်ကို တစ်ယောက်
အချစ်များ လှူဖြစ်တယ်

၃၀
"၇၁"နဲ့ "၆" ပေါင်းရုံနဲ့
"၇၆"မဖြစ်
အချစ်နဲ့ အချစ်ပေါင်းမှ
ချစ်သူ ဖြစ်တယ်
"၇၆"ဖြစ်တယ်
"၇၆"တစ်ခုထဲနဲ့ ချစ်သူမဖြစ်
အတိတ်ဘဝ ပါရမီများ
ထည့်ကာပေါင်းမှ
ချစ်သူဖြစ်တယ်
"၇၆" ဖြစ်တယ်



www.burmeseclassic.com

www.burmeseclassic.com

၃၁

"၁"ကို မချစ်
"၂"ကို မချစ်
သိန်းဆု ပေါက်တာထက်တောင်
"၇၆"ကလေး ပိုချစ်သေးတယ်
တစ်သိန်းဆိုတာ "၇၆"မှ မဟုတ်တာ

၃၂

အချစ်လွန်ရင်
နှလုံးသွေး ပျက်တတ်သတဲ့
တချို့က ဆိုတယ်
ကျွတော် မယုံဘူး
အချစ်လွန်ရင်
သမာဓိကောင်းလို့
မှတ်ဉာဏ် ပိုကြည်လင်လာမယ်
ဘယ်နေ့ဘယ်ရက်
တက္ကသိုလ်ရဲ့ ဘယ်ကော်ရစ်ဒါထောင့်ချိုးမှာ
သူမ ဘယ်နှခါ ပြုံးတယ် သမ်းတယ်
ကျွန်တော် ပြောပြနိုင်တယ်
အကြော်ဆိုင်မှာ အကြော်စားတော့
ဘူးသီးကြော် ကိုင်လို့
ကြက်သွန်ကြော် စားတာကအစ
ထမီအောက်အနားလေးကို
လူမမြင်အောင် လက်သုပ်တာ အဆုံး
အကုန်လုံး ပြောပြနိုင်ပါတယ်. . .
"၇၆"ကလေးရယ်



www.burmeseclassic.com

www.burmeseclassic.com

၃၃
ကြည့်စမ်း. . .
ကောင်မလေး တစ်ယောက်
ညစ်ပတ်နေပြန်ပြီ

၃၄
အစ်ကိုရယ်. . .
ချွေးပေမှာ စိုးလို့
ငြိမ်ငြိမ်မနေနိုင်ပါဘူး
ချွေးကလေးစိုတော့
ပိုလှတယ်
ရွှေအကျဉ်းထောင်ထဲက
ရွှေမင်းသမီးလေး အဖြစ်
သရုပ်မဆောင်ချင်ဘူး
မြေကြီးပေါ်က
လေဒဏ်ကြောင့် အမာရွတ်ထင်သော
မျက်နှာလေးနဲ့
တစ်ကားရိုက်လို့
ကမ္ဘာ့ရုပ်ရှင်ပွဲတော် တက်လိုက်ချင်တယ်

၃၅
နက်ဖြန်ကျရင်
၂-ယောက်သား တိုင်ပင်လို့
ဖုံပေအောင် ကစားတဲ့ ခလေးဘ၀
ခဏ ပြန်သွားရအောင် အစ်ကိုရယ်. . .
ဆရာမောင်ထင် ဘာသာပြန်တဲ့
အိပ်ဂျီဝဲ(လ်)ဝတ္ထုထဲက ကာလယန္တယား
ခဏ ငှားသွားတာပေါ့မောင်. . .



www.burmeseclassic.com

www.burmeseclassic.com

၃၆

ရုပ်ရှင်အနုပညာကို
အသွင်သစ်နဲ့ ချစ်လို့
အေးကို ပိုချစ်ရတယ်
ဖိုမအချစ်နဲ့ အနုပညာအချစ်
ပေါင်းတော့
အထက်တန်းစားအချစ် ဖြစ်လာတယ်
ရုပ်ရှင်ကားတိုလေး
တစ်ကားတောင်
သူမနဲ့ကျွန်တော် အတူမရိုက်ဖူးပေမဲ့
စိတ်ကောင်းစိတ်မြတ်ထားလို့
ဘဝထဲမှာ အနုပညာဆန်ဆန် နေထိုင်ကြရင်
ဘဝဆိုတာ
ရုပ်ရှင်လေးတစ်ကား
ရိုက်နေတာပဲ
ပန်းချီကားလေးတစ်ချပ် ဆွဲနေတာပဲ
ကင်မရာမဲ့ ရုပ်ရှင်ကားလေးတွေ
ဆီဆေးရေဆေးမဲ့ ပန်းချီကားလေးတွေ
အတူရေး အတူရိုက်လို့
ဘဝကို တက်ညီလက်ညီ
ခင်ဖူးခဲ့ကြတယ်
အဲ့ဒီတုန်းက နေမညိုသေး
ချည်ထားတဲ့ကြိုးလေး
မပြတ်သေး



www.burmeseclassic.com

www.burmeseclassic.com

၃၃

ကင်မရာ မလို
ဖလင်မပါတဲ့ ရုပ်ရှင်ကားထဲမှာ
တစ်ခါတစ်ခါ ကျွန်တော်က မင်းသား
သူမက ဒါရိုက်တာ
ပန်းညောင်းမှာစိုးလို့
တာဝန်တွေ ပြောင်းရင်း
မောပေမဲ့ ပျော်ရတယ်
ပိတ်ကားပေါ် ရုပ်ရှင်ကားရဲ့
စလိုးမိုးရှင်း ရိုက်ချက်အတွေ့လို
ဘဝထဲက ချစ်သူများရဲ့ အမူအရာ
တစ်ခါတစ်ခါ
ငှက်သွင်ပျံကြွဖြစ်နေတတ်တယ်
အင်ယားကန်ဘေး
ဝဲပျံတဲ့ငှက်ကလေးတွေထဲ
ကျွန်တော်တို့လဲ အထက်တန်းစားအချစ်နဲ့
ငှက်ကလေး ၂ ကောင်



www.burmeseclassic.com

www.burmeseclassic.com

၃၈

အာရုံငါးပါးမှာ
ဆဌမအာရုံ ထည့်ကာပေါင်းတော့
အာရုံခြောက်ပါးဖြစ်သတဲ့
ပညာရှိများ ဆိုမိန့်တယ်
အေးအပေါ် ထားအပ်တဲ့
ကျွန်တော့်အချစ်
အာရုံအပါး ငါးသိန်း ၅၀၀၀၀၀ နဲ့ ဖော်ပြလဲ
လုံလောက်မယ်မထင်
ချစ်သူအာရုံတဲ့
မယုံဘူးလား
အာရုံခြောက်ပါးနဲ့ လုံးလုံးမဆိုင်
ဘုရားသခင် ပေးသနားတဲ့
ချစ်သူများအတွက်
အထက်တန်းစား အာရုံသစ်



www.burmeseclassic.com

www.burmeseclassic.com

၃၉

အနန္တောအနန္တ ငါးပါးမှာ
မိခင်ဘခင် ကျေးဇူးရှင်တဲ့
ဘယ်လောက် တွယ်တာမြတ်နိုးဖို့
ကောင်းသလဲ
အို့ . . မိခင်
ရင်၌ဖြစ်သောသွေးကို
မေတ္တာအဟုန်ကြောင့်
အေးမြကြည်လင် နို့ရည်အဖြစ်
ပြောင်းလဲပေးနိုင်စွမ်းတဲ့ မြတ်လွန်းသူ
မိခင်ရဲ့ နို့ရည်
မိခင်ရဲ့ သွေးပဲပေါ့
၅၂၈ မေတ္တာရဲ့ အရည်ပုံသဏ္ဌာန်ပဲပေါ့
မယုံဘူးလား
လမ်းပေါ်က ကျောက်ခဲတစ်ခဲ
ပန်းပုဆရာရဲ့ စားပွဲပေါ်ရောက်တော့
လမ်းပေါ်က ကျောက်ခဲ မဟုတ်တော့ဘူး
ရှင်တော်ဗုဒ္ဓတောင်
အမိအတွက် နို့တစ်လုံးဖိုးသာ ကြေသတဲ့
မေတ္တာဖက်မှ ဆေးစွမ်းထက်သတဲ့
စက္ကူစုတ်ကလေးတွေ
ပန်းချီဆရာရဲ့ အနုပညာအာရုံနဲ့
ယှဉ်ကာသုံးတော့
အရောင်နဲ့မျဉ်းရဲ့ အနုသုခုမ ဖြစ်လာတယ်
မယုံဘူးလား


www.burmeseclassic.com

www.burmeseclassic.com

၄၀

ဗုဒ္ဓရဲ့ အလုံးစုံသိမြင်မှုကို
ကျွန်တော်ယုံတယ်
အနုပညာကို ကျွန်တော်ယုံတယ်
ခေတ်ပေါ်ပန်းချီကို
ကျွန်တော်ချစ်တယ်
တမလွန်က တက္ကသိုလ်ကျောင်းသူအတွက်
မသေဆေး အရှာထွက်တယ်
"ရေဘီရှန်ကာ" ဆိုတဲ့ အရှေ့ဂီတသမား
"ချာလီ"ဆိုတဲ့ ရုပ်ရှင်ကားမှာ
ဂီတမှူးလုပ်တာ သဘောတူတယ်
ကျွန်တော်လေ. . .
လူသိပ်မကြိုက်တဲ့ ဝတ္ထုတိုတွေရေးနေရင်း
တစ်ခါတစ်ခါစိတ်ကူးထဲမှာ
အနုပညာမြောက် ရုပ်ရှင်ကားတွေ
ဒါရိုက်တာလုပ်တတ်တဲ့
တချို့နေရာမှာ
"အညတြရုပ်ရှင်ပါမောက္ခ"အေးရဲ့လူ

www.burmeseclassic.com

www.burmeseclassic.com

၄၁

အေးတယောက်
မိခင်ဘဝ ရောက်စေရမယ်ဆိုတဲ့
မြှော်လင့်ချက်မျိုး ထားမိတယ်
ကျွန်တော်တို့အချစ်
မြင့်တင်ရေးအချစ်လို့လဲ
ခေါ်နိုင်သေးတယ်
ကျွန်တော်တို့အချစ်များ
ရှင်သန်ပွားစီးမြင့်မားလို့
ကျွန်တော်တို့ဘဝ
အနန္တောအနန္တငါးပါး ဂိုဏ်းဝင်ဘဝကို
ရောက်စေရမယ်
"တိုင်း"မဂ္ဂဇင်းကိုဖတ်
အနောက်က ရုပ်ရှင်သဘောတရားကို
လေ့လာတဲ့ ကျွန်တော်
အိမ်ထောင်ရေးအတွက်
ရိုးရာဗုဒ္ဓဘာသာမှာ အခြေခံတဲ့
တစ်လင်တစ်မယားစနစ်ကလေး ချစ်မိတယ်
ချစ်သူဘဝ
ရည်းစားမများရဘူး
ရည်းစားတစ်ယောက်
လင်တစ်ယောက်ပေါ့
မယားတစ်ယောက်ပေါ့
ဘယ်လောက် ပျော်ဖို့ကောင်းသလဲ



www.burmeseclassic.com

www.burmeseclassic.com

၄၂

ရှာ(လ်)နယ် နံပတ်-၅

သထားတဲ့ ပခုံးနွေး
နမ်းမွှေးမိလို့ အထင်တော်မလွဲနဲ့
အပျိုစင် အညွန့်အဖူး
မင်္ဂလာဦးညဉ့်နဲ့သာ ဆိုင်သတဲ့
အေးက မွေးတဲ့
ကျွန်တော်တို့ရင်သွေးရဲ့
အူဝဲငိုသံကို နားထောင်လို့
မေမေလို့ အေးကိုခေါ်လိုက်ချင်တယ်
အေးကိုခေါ်တာမဟုတ်
အေးရဲ့မိခင်စိတ်ကို ခေါ်တာ
ကမ္ဘာပေါ်က မိန်းမအသီးသီးရဲ့ မိခင်စိတ်ကို
မေမေ မေမေလို့ ခေါ်နေချင်တယ်
မိန်းမများရဲ့ မိခင်စိတ်ကို
အနုပညာမြောက် အချိုးအစားနဲ့
ပန်းပုရုပ်အကြီးကြီးတွေ ထွင်းထုလို့
လမ်းထောင့်တွေမှာ တည်ထားချင်တယ်
အဲ့လိုဆို ချစ်သူတွေ ပိုချစ်လာမယ်
ပိုသစ္စာစောင့်လာမယ်
ရန်ဖြစ်ကြမှာ မဟုတ်တော့ဘူး
အေးကို မေမေလို့ မခေါ်ရသေးခင်
အပ်ချည်ကြိုးလေး ပြတ်သွားတော့
သိပ်ငိုချင်တယ်



www.burmeseclassic.com

www.burmeseclassic.com

၄၃
အညတြရုပ်ရှင် ပါမောက္ခနဲ့ မင်းသမီး
သတင်းမကြီးပေမဲ့
အချစ်ကြီးကြတယ်
မိမိသက်ဆိုင်ရာ ပညာရပ်အတွက်
အကျင့်ကြံ အကြိုးစား ကြီးကြတယ်

၄၄
ငွေမရှိ ကင်မရာမရှိ
"ဖလင်မရှိ အဆက်အသွယ် မရှိ
"တိုး" ဆိုတဲ့ သူငယ်ချင်းတစ်ယောက်
ရေးထားတဲ့
ဂီတဆရာကြီး "မြို့မငြိမ်း"အကြောင်း
ရေးထားတဲ့
ဇာတ်ညွှန်းလေးတစ်ပုဒ် ရှိရုံနဲ့
ကျွန်တော်က ဒါရိုက်တာ
သူမက မင်းသမီးလုပ်ပြီး
ရုပ်ရှင်တစ်ကားရိုက်ဖို့
စီစဉ်နေလိုက်ကြတာ
ကားရိုက်ပီးရင် ကားထုပ်ပိုက်လို့
ကမ္ဘာ့ရုပ်ရှင်ပွဲတော်
အတူတက်လိုက်အုံးမတဲ့
ပွဲတော်မသွားခင်
ဘားလမ်းမှာ လက်ထပ်စာချုပ်ဝယ်လို့
မင်္ဂလာလေးဆောင်သွားအုံးမယ်
ဘယ်လောက်ဝမ်းနည်းဖို့ကောင်းသလဲ
ရယ်ဖို့ကောင်းသလဲ
ကျေနပ်ဂုဏ်ယူဖို့ ကောင်းသလဲ


www.burmeseclassic.com

www.burmeseclassic.com

၄၅

ရုပ်ရှင်သရုပ်ဆောင်ကောင်းဆိုတာ
ထိလွယ်ထင်လွယ် ကူးပြောင်းဝင်စားလွယ်တဲ့
စိတ်မျိုးရှိရသတဲ့
သမာဓိ အားကောင်းရသတဲ့
ဂျိမ်းဒင်းက ဆိုတယ်
မယုံဘူးလားအချစ်
သမာဓိကောင်းအောင်
ကန်တော်ကြီးထဲ
၂ ယောက်သား
ငါးမျှားထွက်ခဲ့ဖူးသေးတယ်
ငါးမျှားခြင်းက သမာဓိကိုသာမက
အရာရာအတွက်
စိတ်ရှည်ခြင်း စောင့်ဆိုင်းခြင်း  အတတ်ကို
ရနိုင်သေးတယ်
ချစ်သူစုံတွဲ ပညာစုံတွဲ
မတော်တရော်စုံတွဲလို့ ထင်ကြသလားမသိ
တချို့မျက်လုံးအကြည့်များကြောင့်
သမာဓိပျက်လို့ ဒေါသထွက်ခဲ့ရသေးတယ်
ပါဏာတိပါတာ ငြိမှာစိုးလို့
ငါးမျှားချိပ်မှာ ငါးစာမတတ်
ငါးကိုမမျှား
ပညာသက်သက်ကို မျှားရင်
ပိုမကောင်းလားလို့ အေးကိုမေးမိတယ်
တစ်ခါမိုက်တစ်ခါသာ ငါးမျှားလို့
နောက်ပိုင်းအခါခါ
ပညာကိုသာ မျှားတော့တယ်



www.burmeseclassic.com

www.burmeseclassic.com

ပညာများရင် ပညာမိလို့
သမာဓိလေး ကြည်လင်လာမယ်
ပညတ်တရားတွေ မလိုပါဘူး
ချစ်သူဆိုတာ ပါဏာတိပါတာမဟုတ်
ငြိမ်းအေးခြင်း ပြုစုခြင်း ရှင်သန်ခြင်းသာ
ချစ်သူမည်သတဲ့
ကန်တော်ကြီးရဲ့ စိမ်းစိုစိုအောက်
သစ်သီးထမင်း မီးလွှတ်ဟင်းနဲ့
ရုပ်ရှင်သရုပ်ဆောင် အနုပညာရှင်ကြီး
ဂျိမ်းဒင်းကိုရှိခိုးကြမယ်

www.burmeseclassic.com

www.burmeseclassic.com

၄၆

ရုပ်ရှင်သရုပ်ဆောင် အတတ်မှာ
သေခြင်းနဲ့ အိပ်ခြင်းအမူအရာ
အခက်ခဲဆုံးပါ
အငြိမ်သက်ဆုံး ထိုင်နေသူ
အလှုပ်ရှားဆုံးလူ ဖြစ်သတဲ့
ဒဿနရောတဲ့ အမူအရာသဘောကို
ကျွန်တော်က ပြောတော့
သင်ပေးရမယ် ပူဆာတဲ့
သူမရဲ့ ဆွေ့ဆွေ့ခုန် အမူအရာ
စိတ်ထဲက ကင်မရာနဲ့
ထောင့်အမျိုးမျိုး ယူလို့ ရိုက်ထားမိတယ်
မျက်လုံးမှိတ်ရုံ
ကိုယ်စန့်စန့်နေရုံနဲ့
သေတာမဟုတ် အိပ်တာမဟုတ်
ရှုတ်ထွေးတဲ့
စိတ်ဖွဲ့စည်း တည်ဆောက်မှုသဘောတွေ
ရှိသေးသတဲ့
မယုံဘူးလား အချစ်
သရုပ်ဆောင်ပညာအသစ်
တခေတ်ဆန်းကြရအောင်ကွယ်
လာကြလေ. . .
ခံစားမှုနဲ့ သရုပ်ဆောင်ကြရအောင်

www.burmeseclassic.com

www.burmeseclassic.com

၄၉
အင်းယားဟော(လ်)လား
လိပ်ခုံးရှေ့ ခားသိုင်းအရုပ်တွေ
နောက်ခံထားလို့လား
စက်မှုတက္ကသိုလ်ရဲ့ အဆင့်မြင့်ဗိသုကာ
တိုင်လုံးကြီးတွေနားမှာလား
ခံစားမှုနဲ့ သေခြင်း အိပ်ခြင်း အမူအရာ
လေ့ကျင့်လို့ မသင့်တော်ပါဘူး
အမှန်မသိလို့ အထင်သေးတာ
အကြောင်းမဟုတ်
သူတစ်ပါးကို အနှောင့်အယှက်ဖြစ်တော့
အကြောင်းဟုတ်တယ်
လူတွေက မူဘီကင်မရာ မပါရင်
တစ်မျိုးထင်ကြတယ်
မြို့ထဲက တည်းခိုခန်းမှာ
အခန်းခ ၁၃-ကျပ်ပေးလို့
အမူအရာ လေ့ကျင့်ဖို့ရာ မဖြစ်နိုင်
လိုရင်းမရောက်ဘဲ
ချစ်သူတို့ရဲ့
ရှေးရိုးစည်းလေး ဖောက်မိရင် ခက်မယ်
စက္ကန့် ၇၂၀၀ လောက်
တိတ်ဆိတ်အခန်းလေးထဲ
၂ ယောက်နေဖို့ သတ္တိမရှိသေး
ထိန်းသိမ်းမှုလေး ကျွန်တော်ချစ်တယ်



www.burmeseclassic.com

www.burmeseclassic.com

၄၈

တစ်နေ့မှာ ရှစ်နာရီလောက်
အချစ်နဲ့ ပညာနဲ့အတူ နေရအုံးတော့
မတွေ့ရတဲ့အချိန်များမှာ
ချစ်သူပိုင်းဆိုင်ရာ ချင်ခြင်း ဖြစ်မိသေးတယ်
ချစ်သူရနံ့ကို တွေ့ထိခံစားလို့တော့
လေကောင်းလေသန့်ရတဲ့ နေရာ
အမြန်သွားပြီး
ချစ်သူမျက်နှာပေါ်အောင် စဉ်းစားလို့
လေသန့်သန့်ကို တဝရှူပစ်ရတယ်
ဩော် . . သူမပါလား
သွေးသားကို လတ်ဆတ်သန့်ရှင်းစေတဲ့
အချစ်ပါလား
သင်္ခါရကို
အစဉ်ထာဝရ မှတ်နေတဲ့ ကျွန်တော်
ရင်မှာအနာတရ ဖြစ်မှာကို
မသိသေးဘူးနော်
သိပ်လွမ်းစရာကောင်းတဲ့ လွမ်းလွန်းတဲ့
အလွမ်းသီချင်းတစ်ပုဒ်ပါပဲ

www.burmeseclassic.com

www.burmeseclassic.com

# ရှေ့ရာစုအထိဆက်၍ငိုရမှာလား

www.burmeseclassic.com

www.burmeseclassic.com

၁

ကျွန်တော်ဟာ
အဆင်မသင့်ရင်
ရှေ့ရာစုအထိ ဆက်ငိုရမဲ့
ဟစ်ငိုရမဲ့
ကျိတ်ငိုရမဲ့
အငိုသမားကြီး တစ်ယောက်ပါ

၂

မိန်းမတစ်ယောက်အတွက်
မုန်းလို့မငို
ချစ်လို့ငိုရတာ
မရှက်ပါဘူး
လောကကြီးရဲ့
ဟက်ဟက်ပက်ပက်
ပျော်ရမယ့် အဖြစ်များအတွက်
တာဝန်ပေါ့ပျက်မှာကိုသာ
ကြောက်မိတာ

www.burmeseclassic.com

www.burmeseclassic.com

၄

ကိုယ့်ပတ်ဝန်းကျင်က ပျော်နေချိန်
တစ်ယောက်ထဲ ငိုနေရတာ
နှင်းမှုန်တွေ ကျတဲ့
မြစ်ပြင်ရှုခင်းလို
ကြေကွဲဖို့ သိပ်ကောင်းတာပဲ
လှေတစင်းနဲ့ တစ်ယောက်ထဲ
ခရီးသွားလို့
နှင်းက နှိုပ်စက်လို့ ဆောင်းက မကြင်နာ
ကိုယ့်ပတ်ဝန်းကျင်က ငိုနေချိန်
ကိုယ်လဲ ရောငိုရတာ
လူမသိ မထင်ရှားပေမဲ့
ရင်ထဲက အတွင်းကလီဇာ
တစ်ခုမကျန်အောင်
လောင်ကျွမ်းတတ်တယ်
မှန်ကြည့်မိရင် အလွမ်းရုပ်ကြောင့်
မှန်ကိုလက်သီးနဲ့
တအားထိုးခွဲမိမယ်
လက်သီးက သွေးစက်ဒဏ်ရာကြောင့်
တအားဟစ်လို့ ရယ်မိအုံးမယ်

www.burmeseclassic.com

www.burmeseclassic.com

၄
လွမ်းတယ် ငိုတယ်
စကားလုံးနဲ့ တိုက်ရိုက်ပြောတော့
သိပ်မရှိ
တစ်ခါငိုတာ ချိန်ကြည့်လို့
မျက်ရည် တစ်ပိဿာမရှိ
အလွမ်းလွန် အငိုလွန်ရင်
သည်းခြေပျက်လို့
ရူးတတ်တာက ခက်တယ်



www.burmeseclassic.com

www.burmeseclassic.com

၅

ခုတော့
ကျွတ်လွတ်ချင် လွန်မြောက်ချင်လို့
လမ်းလျှောက်တဲ့
ခရီးသည်တစ်ယောက် ဖြစ်ခဲ့ပါပြီ
နောက်မှာ ချန်ထားခဲ့ရတယ်
ဘယ်နေရာမှန်းမသိ ရောက်သွားခဲ့တယ်
ရှေ့မှာ လှမ်းမြင်နေရတယ်
ရောက်ရှိခဲ့ပြန်ပါပြီဆိုတဲ့ သင်္ချိုင်းမျိုး
ခရီးသည်အဖို့ များလှပေါ့
မြင့်မြတ်သောအရာကို လိုချင်သူ
လမ်းမလျှောက်ဘဲ
နှလုံးသား မသန့်ဘဲ
အမောမခံဘဲ
မချီတက်ဘဲ
ဘယ်နဲ့လုပ် ရနိုင်မလဲ
မောလွန်းလို့
အမောဖြေ ရေသောက်တာ
စိတ်ပျက်အားငယ်လို့ အရက်သောက်တာထက်
အဆင့်ပိုမြင့်မယ်



www.burmeseclassic.com

www.burmeseclassic.com

၆

တမလွန်က
တက္ကသိုလ်ကျောင်းသူအတွက်
တောင်ထိပ်မှာ မသေဆေးရှိတယ်ဆို
တောင်ခြေကို ကျွန်တော်ရောက်ပြီလား
တောင်ခြေကိုမရောက်သည်ဖြစ်စေ
အချစ်အတွက်
ခြေလှမ်းသွက်နေသော ကျွန်တော့်ကို
ဘွဲ့တံဆိပ်တစ်ခု မပေးသင့်ဘူးလား
အခါများစွာ
ပါရမီဖြည့်ပြီးခါမှ
အချစ်အတွက်
တစ်ခါ ပါရမီဖြည့်ရင်
အသဲနှလုံးရဲ့ ခြောက်ပုံတစ်ပုံကို
ငရဲမီးတစ်ခါ အပက်ခံရတယ်
မယုံဘူးလား
မချစ်ဘူးလား
အနစ်နာမခံနိုင်ဘူးလား



www.burmeseclassic.com

www.burmeseclassic.com

၃

လမ်းလျှောက်သူရဲ့ ယိမ်းလှုပ်သော
ဘေးမြင်ကွင်းတွေထဲ
ခြောက်ပုံတစ်ပုံသော
ငရဲမီး အပက်ခံရသည့်
အသဲနှလုံး၏ အတိတ်ရုပ်ပုံက
ဖျော့မှုန်ရာက လင်းလာသေးတယ်
ကမ္ဘာကိုကယ်ဖို့
စကြာဝဠာကို ကယ်ဖို့
ဘဝများစွာ ပါရမီ ဖြည့်ခဲ့ရတဲ့
ဗုဒ္ဓရဲ့ ပါရမီတော်ကို
ဒီနေရာမှာ
လမ်းလျှောက်သူရဲ့ တစ်ဘဝလုံး
ပုံအပ်လို့
ပူဇော်ဖို့ အတွေးပေါ်လို့
အတွေးထဲမှာ ပူဇော်မိသေးတယ်
ခြေလှမ်းတွေနဲ့
အတိတ်က ပြေးထွက်လို့မရ
ခြေလှမ်းတွေက
ရှေ့ကိုမသွားဘဲ အတိတ်ကို ပြန်ရောက်တယ်
ကြည့်စမ်းပါအရှင်. . . . .
အရှင်ရဲ့ကယ်မှု အရိပ်အောက်က
မငြိမ်းသေးသည့် လူဒုက္ခိတ

www.burmeseclassic.com

www.burmeseclassic.com

၈
ရင်ခွဲရုံရဲ့ ကျောက်ကုတင်ပေါ်
မြင်နေရတာ
ဒုက္ခိတရဲ့ ချစ်သူ
မအိုသေးခင် နာပြီး သေသွားရတဲ့
ချစ်သူ တက္ကသိုလ်ကျောင်းသူ
ကွေးသောလက် မဆန့်မီ
နာဘေးသေဘေး လွတ်နိုင်သတဲ့လား
စန့်စန့်လေး သေနေတဲ့ အချစ်ဆုံးချစ်သူ
သူမ အလောင်းနား ကပ်ခါနီးတော့
ဖရိုဖရဲ ဆံပင်ကို သပ်တင်တယ်
အိပ်မြေဆည်လို့ မျက်ရည်ကိုသုတ်တယ်
ဖိနပ်ကလေး ခပ်ဝေးဝေးမှာ
ချွတ်ထားခဲ့တယ်
သူမအပေါ် ထားအပ်သော ကျွန်တော့်အချစ်
ကျွန်တော့်အပေါ် ထားအပ်သော ကျွန်တော့်အချစ်
ကျွန်တော့်အပေါ် ထားအပ်ခဲ့သော သူမရဲ့အချစ်
ဒါတွေကို ရှိသေမှု ပြုမိတာ
ပန်းနုဖျော့ ဇာပုဝါကို
အသာခွာချလိုက်တော့
တစ်ခါက ရင်ကို ငြိမ်းစေခဲ့သော်လဲ
ခုတော့ မငြိမ်းနိုင်သည့်
ဒုက္ခမျက်ရည်လေး

၉
အရှင်. . .
သူမကိုယ်စား အေးကိုယ်စား
တပည့်တော်သေဆုံးပေးမည်ဆိုသော်
မဖြစ်နိုင်. . . ဖြစ်နိုင်. . .



www.burmeseclassic.com

www.burmeseclassic.com

၁၀

မိန်းမတို့ရဲ့ သွေးသားဓမ္မတာ
မီးယပ်ရောဂါတစ်မျိုးနဲ့
ကွယ်လွန်ခဲ့ပြီလို့
ဆရာဝန်မှတ်ချက်က အဆိုပြုတယ်
ဟိုတုန်းက
သွေးသားဓမ္မတာကြောင့်
တစ်ခါတစ်ခါ ကိုယ်ငွေ့နွေးလာ
အဖျားသွေးငွေ့ငွေ့ ဝင်လာတော့
ရယ်စရာပျက်လုံး ဟာသတွေနဲ့
နေကောင်းအောင် ပြုပေးဖူးတယ်
ခုတော့ ဘာတတ်နိုင်မှာလဲ
ပြတ်သွားတဲ့ အပ်ချည်လေး
ဘယ်နဲ့လုပ် ပြန်ဆက်ပေးမှာလဲ
သွေးသားဓမ္မတာ
မိန်းမဘဝရဲ့ တစ်ခုအပါအဝင်
ဖြစ်လိမ့်မယ်
မိခင်ဘဝရဲ့ အခြေခံဩဇာဓာတ် ဖြစ်လိမ့်မယ်
စမ်းသပ်ဖန်ပြွန်ထဲမှာ
လူ ထုတ်လုပ်နိုင်ပြီဆိုလဲ
မိန်းမဝမ်းမှာ မိခင်ဝမ်းမှာ
လွယ်တဲ့လူလေးလောက်
စံချိန်စံနှုန်း ဘယ်ကောင်းနိုင်မလဲ



www.burmeseclassic.com

www.burmeseclassic.com

မိခင်ဘဝနဲ့ မိခင်ရဲ့မြတ်သောအရှိန်အဝါ
ဘယ်ရာစုမှာမှ
မကွယ်ပျောက်ဘူး
သိပ္ပံပညာကို တစ်ဖက်က
ပွားစီးမြင့်မားအောင် ပြုလို့
အဆုံးမရှိသော မဟာအနုပညာကို
တစ်ဖက်က မေ့လို့ရမှာလား
ပစ်ပယ်လို့ရမှာလား
စိတ်မရှိရင် လူနဲ့သတ္တဝါလဲ
မရှိနိုင်ဘူး
ပန်းချီ ဂီတ ကဗျာ ဝတ္ထု ဘဲလေးအကလဲ
မရှိနိုင်ဘူး
မိခင်ဝမ်းက ကလေး
မိခင်မေတ္တာကို စုပ်ယူစားသုံးတယ်ဆိုတာ
မယုံဘူးလား
ကမ္ဘာပေါ်က မြင့်မြတ်သောအရာ အားလုံး
မိခင်မရှိရင် မရှိနိုင်ဘူး
အေးတစ်ယောက် သေဆုံးခဲ့တာ
မိန်းမတစ်ယောက် သေဆုံးတာ
ချစ်သူတစ်ယောက် သေဆုံးတာ
လူ့ယဉ်ကျေးမှုရာဇဝင် ခရီးရှည်မှာ
မိခင်လောင်းတစ်ယောက် ကျဆုံးတာ
ကျွန်တော့်အတွက် မဟာအနုပညာ တစ်ရပ်
ကွယ်လွန်ခဲ့ပေါ့



www.burmeseclassic.com

www.burmeseclassic.com

၁၁

အေးမသေရဘူး

ဒုက္ခသစ္စာကို အရေးဆိုမိတယ်

၁၂

ချစ်သား. . .

အိုနာသေဘေး လွတ်နိုင်မတဲ့လား

ဇာတိရှိရင်

မရဏာရှိသတဲ့

ချစ်သား. . .

လာလှည့်အပန်းဖြေလှည့်

အပူမီးငြိမ်းလှည့်

၁၃

ကိုယ်ကို စန့်စန့်လေး လုပ်ထားတာ

မျက်လုံးကို မှိတ်ထားတာ

သေတာ မဟုတ်ပါဘူး

၁၄

တစ်ခါမှ မလေ့ကျင့်ဖူးခဲ့တဲ့ အမူအရာကို

လေ့ကျင့်နေတာ

စက်မှုတက္ကသိုလ်ရဲ့

အဆင့်မြင့်ဗိသုကာတိုင်လုံးကြီးတွေနားမှာ

လေ့ကျင့်လို့

မသင့်တော်ဘူး မဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com

၁၅

အေး မသေရင် သိပ်ကောင်းမှာပဲ
အမူအရာ လေ့ကျင့်နေတာ ဆိုရင်
သိပ်ကောင်းမှာပဲ
ရုပ်ရှင်လေးတစ်ကား ရိုက်နေတာဆိုရင်
သိပ်ကောင်းမှာပဲ
မီးဆရာ မီးဖွင့်ပါ
ရိုက်မယ်
ကင်မရာ စရွေ့ပါ
ထရပ်ကင်းရှော့ ရိုက်ချက်အတွေ့မျိုး
လိုချင်တယ်နော်
ရှေးရိုးစည်းလေး ချစ်မိတယ်
အပျိုစင် အညွန့်အဖူး
မင်္ဂလာဦးညဥ့်နဲ့သာ ဆိုင်သတဲ့

၁၆

ချစ်သား. . .
ဇာတိရှိရင်
မရဏရှိသတဲ့



www.burmeseclassic.com

www.burmeseclassic.com

၁၇

ရေခဲတိုက် ကျောက်ကုတင်ပေါ်က
တက္ကသိုလ်ကျောင်းသူရဲ့
ခြေထောက်ကလေးကို
ညင်သာစွာ နမ်းမွှေးမိသေးတယ်
ပုဝါတကမ်းတဲ့
ရှေးရိုးစည်းလေး ဖောက်တာ
မဟုတ်ပါဘူး
မိခင်လောင်းတစ်ယောက် ဆုံးရှုံးမှုကို
အမြတ်နိုးဆုံး အကြွေကွဲဆုံး
အတသဆုံး စိတ်တွေနဲ့
မှတ်တမ်းတင်နေတာပါ အချစ်
လူ၏မူလအစက စတင်တဲ့
မရဏဒုက္ခ မျက်ရည်တွေကိုပါ
သယ်ဆောင်လို့
ကျွန်တော်ငိုနေမိပါတယ်
လေးနက်ရသော မင်းသမီး



www.burmeseclassic.com

www.burmeseclassic.com

၁၈

ကျွန်တော့်ရည်မှန်းချက်က
ရယ်သံများနဲ့အတူ
၂ယောက်သား လက်ချင်းတွဲလို့
လောကကြီးအနှံ့ လျှောက်သွားချင်နေတာ
ချောင်ကြို ချောင်ကြားမကျန်
တွေ့သမျှလူတိုင်းကို
ကျွန်တော်တို့ ၂ယောက် ချစ်သူဖြစ်ကြောင်း
သတင်းပြန့်အောင်
အချစ်ပြန်ကြားရေး လုပ်ချင်နေတာ
မဖြစ်နိုင်တာတွေ မဖြစ်ဘဲ
ဖြစ်နိုင်တာတွေ ဖြစ်တဲ့ လောကကြီးထဲမှာ
တက္ကသိုလ်ကျောင်းသူအလောင်းကို
ပခုံးပေါ်တင်လို့ သေသူကို ရှင်နိုင်စွမ်းတဲ့
ဆေးဝါးများ ပေးသနားတော်မူပါလို့
လျှောက်တောင်းချင်နေတာ
မဖြစ်နိုင်တာတွေ မဖြစ်ခဲ့ပေမဲ့
ကျွန်တော့်ပခုံးပေါ်
ချစ်သူအလောင်း မရှိပေမဲ့
ရင်ထဲကအပူနဲ့
ချစ်သူအတွက် အလွမ်းအတွက်
မသေဆေးရှာသော
လမ်းလျှောက်သမားတော့ ဖြစ်ခဲ့တယ်
လွမ်းပေ ပူပေမယ့်
ချစ်သော အထိမ်းအမှတ်အတွက် ဂုဏ်ယူမိတယ်



www.burmeseclassic.com

www.burmeseclassic.com

၁၉
ကျွန်တော်ဟာ
လူ့ဘဝမှာ အသက်ရှင်စဉ်အခိုက်
ခါးတိုကုတ်အကျႌလေး တစ်ထည်ကို
ဆုပ်ဖြုပစ်ခဲ့မိပါတယ်
ကျွန်တော့် နှလုံးသား အကောင်းမရှိတော့ပါ
အဆုပ်အဖြ ခံခဲ့ရ
အလိမ်အညှစ် ခံခဲ့ရပါပြီ
ဖိနပ်မပါ ခြေဗလာနဲ့"ခရီးသည်"
မိခင်မြေကြီးကို တစ်ခုခုရဲ့ အကူအညီနဲ့
မနင်းရက်ပါဘူး
"ဆူး" စူးရင်လဲ အချစ်ကြောင့် ဒဏ်ရာမို့
ဂုဏ်ယူမယ်
"ဆူး"စူးဒဏ်ရာ အနာလွန်တော့
ခရီးမျှားတော့
အမောလွန်ပြီး စိတ်တွေ
ယိမ်းတယ် ယိမ်းတယ်
စည်းရိုးအထိန်းလေး ကျိုးပေါက်မယ်ထင်ရဲ့
အရက်သုံးလေးခွက်သောက်ရင်
ကောင်းမလား
၂၀ ရာစုနှောင်းပိုင်းမှာ
အရက်ဆိုတာ ယဉ်ကျေးမှုပစ္စည်းမဟုတ်တော့
ဒီအချိန်လေ အိုမာခရမ် မလိုတော့
အရက်ဆိုတာ အာရုံကြောကို
ကိုက်စားတဲ့ ကြွက်စုတ်တစ်မျိုးပဲ



www.burmeseclassic.com

www.burmeseclassic.com

၂၀

အကောင်းနဲ့မွန်မြတ်ခြင်းကို
ကြိုဆိုတတ်တဲ့ ခရီးသည်အဖို့
ကြွက်စုတ်တစ်ကောင်ကို မောင်းထုတ်ရတာ
လွယ်လွန်းလှတယ်
ပလက်ဖောင်းဘေးမှာ
ရေအိုးစင်လေး
ဝေနေယျာသုခ ရေချမ်းစင်တဲ့
ဗုဒ္ဓဘာသာမှုမှာ အခြေခံတဲ့ရိုးရာလေးကို
သောက်လိုက်မယ်
ရေသောက်ခြင်းကို
ခေတ်ပေါ်ဆေးပညာရှင်များက
အသက်ရှည်ခြင်း ရှင်လန်းခြင်းရဲ့
သြဇာဓာတ်တစ်မျိုးလို့ ဆိုထားမဟုတ်လား

၂၁

ချစ်သား လာလှည့်
အပန်းဖြေလှည့်
အပူမီးငြိမ်းလှည့်

၂၂

ကျွန်တော် ဘုရားရှိခိုးမယ်
မေမေဖေဖေကို ရှိခိုးမယ်
အနန္တောအနန္တငါးပါးကို ရှိခိုးမယ်
သရုပ်ဆောင်ပညာဆရာကြီး
စတိန်နီလက်စကီးကိုရှိခိုးမယ်
ဂျိမ်းဒင်းကိုရှိခိုးမယ်
ဝမ်းနဲ့ဝမ်းသာရုပ်ရှင်ကားထဲက
မမမြင့်မြင့်ခင်ကို ရှိခိုးမယ်


www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်ကျောင်းသူနဲ့ အတူရိုက်ဖို့
စိတ်ကူးရှိခဲ့တဲ့ ဇာတ်ထုပ်ကလေးတွေကို
စေတနာနဲ့ စိတ်ကူးစိတ်သန်း ပြလို့
ကုမ္ပဏီတွေကို ကမ်းလှမ်းမယ်
ဘာသာရေးအနုပညာနဲ့ သမာအာဇီဝအတွက်
မောရင်းနဲ့ ပျော်တတ်အောင်
တည်ဆောက်မယ်
တမလွန်က
ချစ်သောတက္ကသိုလ်ကျောင်းသူအတွက်
မသေဆေးရှာရင်း
တစ်ခါတစ်ခါ
လဘက်ရည်ဆိုင် ဟောင်းလောင်းလေးရဲ့
စားပွဲအိုတစ်လုံးရှေ့မှာ
ခြေညောင်းဖြေရင်း
ထိုင်မိအုံးမယ်
ရန်ကုန်မှာ မောင်ဝဏ္ဏရဲ့ “ပန်းတွေနဲ့ဝေ”
ဘယ်ရုံမှမဝင်တော့ပေမဲ့
အဝတ်အစား ခပ်နွမ်းနွမ်းဝတ်တတ်တဲ့
လူငယ်ဒါရိုက်တာ မောင်ဝဏ္ဏတစ်ယောက်
ဆိုင်ရှေ့က ဖြတ်သွားတာမြင်တိုင်း
ကြွေသော ပန်းတစ်ပွင့်ကို သတိရနေဦးမယ်

**မောင်ရန်ပိုင်**
**၁၅-၈-၇၈**
**ရန်ကုန်မြို့**

www.burmeseclassic.com